## ကျေးလက်ဒေသကဏ္ဍတွင် တည်ဆောက်ခြင်းသည် မြန်မာနိုင်ငံ၏ စီးပွားရေး ခေတ်မီလာစေရေးအတွက် အဓိကအချက်ဖြစ်သည်ဟု OECD မှဆိုပါသည်

OECD ၏ အစီရင်ခံစာအသစ်အရ စားသောက်ကုန်ထုတ်လုပ်ခြင်း လုပ်ငန်းစဉ်များနှင့် ဆက်စပ်ဝန်ဆောင်မှုများကို ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍကို မြှင့်တင်ပေးခြင်းသည် နိုင်ငံ၏စီးပွားရေးကို ပြည်ပတင်ပို့ရန်အတွက် တန်ဖိုးမြင့် ကုန်ပစ္စည်းများထုတ်လုပ်နိုင်စွမ်းရှိသော ပိုမိုခေတ်မီသည့် စီးပွားရေးသို့ ပြောင်းလဲရာတွင် ကူညီပေးနိုင်ပါသည်။

အားနည်းသော ကျေးလက်ဒေသ အခြေခံအဆောက်အဦများ၊ တောင်သူလယ်သမား ကျွမ်းကျင်မှု လိုအပ်ချက်များ၊ ပြည်ပတင်ပို့မှုကို အားပေးရန်အတွက် လုံလောက်မှုမရှိသော အစိုးရဝန်ဆောင်မှုများနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ဘဏ္ဍာရေးဆိုင်ရာ အခွင့်အလမ်းမရှိခြင်းများကိုလည်း ဖြေရှင်းရန်လိုအပ်သည်ဟု အဆိုပါ အစီရင်ခံစာက ဆိုပါသည်။ ဥပမာ၊ ကျေးလက်ဒေသကဏ္ဍသည် ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) ၏ ၃၀% နှင့် အလုပ်အကိုင်များ၏ သုံးပုံ-နှစ်ပုံကို တာဝန်ယူထားသည်ဟုသည့် အချက်ရှိစေကာမူ မြန်မာနိုင်ငံရှိ ချေးငွေများ၏ ၂.၅% သာ ကျေးလက်ဒေသကဏ္ဍသို့ ရောက်ရှိပါသည်။

"လူအများစု လက်ရှိအလုပ်လုပ်နေကြတဲ့ စိုက်ပျိုးရေးကဏ္ဍမှာ ခိုင်ခိုင်မာမာအာရုံစိုက်ခြင်းအားဖြင့် ခေတ်မီစီးပွားရေးကို ဦးတည်တဲ့ မြန်မာနိုင်ငံရဲ့ ပြောင်းလဲရေးကို အရှိန်အဟုန်နဲ့ စတင်နိုင်မှာဖြစ်ပါတယ်။ ကျေးလက်ဒေသကဏ္ဍမှာ ဘဏ္ဍာရေးဆိုင်ရာ အခွင့်အလမ်းများ တိုးမြှင့်ပေးခြင်းနဲ့ တောင်သူလယ်သမား ကျွမ်းကျင်မှုတွေကို မြှင့်တင်ပေးခြင်းတို့ဟာ လယ်ယာကုန်ထုတ်လုပ်မှုကို မြှင့်တင်ဖို့နဲ့ ထုတ်လုပ်ရေးနဲ့ ဝန်ဆောင်မှုတွေအတွက် အလုပ်သမားတွေ အချိန်ပိုထွက်လာအောင်လုပ်ဖို့ အဓိက အသက်သွေးကြောတွေ ဖြစ်လာပါလိမ့်မယ်" ဟု လက်ထောက် အတွင်းရေးမှူးချုပ် Rintaro Tamaki က ရန်ကုန်မြို့တွင် OECD ၏ **မြန်မာနိုင်ငံ ရှုထောင့်စုံလေ့လာဆန်းစစ်ချက်၊** အတွဲ ၂ စတင်ဖြန့်ဖြူးရာ၌ ပြောကြားခဲ့ပါသည်။

အဆိုပါ အစီရင်ခံစာအရ ထုတ်လုပ်ရေးကဏ္ဍတွင် လုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေသော အဓိကအကြောင်းရင်းများမှာ ပျက်စီးယိုယွင်းခြင်း၊ နည်းပညာချို့တဲ့ခြင်းနှင့် မြေနှင့် ရုံးနေရာကို အားနည်းစွာ အသုံးပြုခြင်းတို့ ဖြစ်ပါသည်။

မြေယာရပိုင်ခွင့်များနှင့်ပတ်သတ်၍ ဖြေရှင်းခြင်း၊ အခြေခံအဆောက်အဦများ ပိုမိုကောင်းမွန်စေရေးနှင့် ဘဏ္ဍာရေးစနစ် ပြန်လည်ပြုပြင်ပြောင်းလဲရေးတို့သည် ကြီးပွားတိုးတက်မှုရစေရန် ပိုမိုကျယ်ပြန့်သော စီးပွားရေးအတွက် အခြေအနေမှန်များကို ကူညီဖန်တီးပေးနိုင်မည် ဖြစ်ပါသည်။ ကုန်ပစ္စည်းများ ပြည်ပပို့ကုန်စံနှုန်းမီစေရန် အလို့ငှာ မြန်မာ့နိုင်ငံခြားပို့ကုန်များ တင်ပို့မှုကို အားပေးရန်အတွက် အစိုးရအထောက်အပံ့ ပိုမိုပေးခြင်းအပြင် ကျန်းမာရေးနှင့် အန္တရာယ်ကင်းရေးဆိုင်ရာ ထိမ်းချုပ်မှုစနစ်များ အားကောင်းစေခြင်းတို့သည်လည်း အပြုသဘောဆောင်သော သက်ရောက်မှု ဖြစ်စေပါလိမ့်မည်။

ဤဖွံ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲခြင်းသည် အတန်ကြီးမားသော ရင်းနှီးမြှုတ်နှံမှု လိုအပ်မည်ဖြစ်ပါသည်။ အစိုးရ၏ ကြီးပွားတိုးတက်ရေး ပန်းတိုင်များကို ပြည့်မီအောင်ဆောင်ရွက်ရာတွင် အရင်းအနှီးအနေဖြင့် လာမည့်ဆယ်စုနှစ် နှစ်ခုကျော်အထိ GDP ၏ ၂၁% မှ ၂၈% အကြား နှစ်စဉ်လိုအပ်နိုင်ပြီး ၂၀၃၅ ခုနှစ်တွင် ၃၀-၄၀% အထိ လိုအပ်နိုင်ပါသည်။ ၎င်း၏ ငွေကြေးထောက်ပံ့မှု လိုအပ်ချက်များကို ပြည့်မီရန်အတွက် မြန်မာနိုင်ငံအနေဖြင့် ရရှိနိုင်သော ဘဏ္ဍာရေးအရင်းအမြစ်များ အားလုံးကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ တရားဝင် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အပံ့၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုနှင့် များပြားသော နိုင်ငံ၏ပြင်ပရောက်နေသူများမှ ငွေလွှဲပေးပို့ခြင်းများ အပါအဝင် ပြင်ပအရင်းအမြစ်များသည် ဤရာစုနှစ်၏ ကျန်နှစ်များအတွက် ဘဏ္ဍာရေးထောက်ပံ့မှု လိုအပ်ချက်၏ သုံးပုံတစ်ပုံအထိ ပြည့်မီနိုင်ပါသည်။ မည်သို့ပင်ဆိုစေကာမူ အထူးသဖြင့် အလယ်အလတ်ကာလနှင့် ရေရှည်အတွက် ဘဏ္ဍာရေးဆိုင်ရာ အရင်းအမြစ်အများစုသည လက်ရှိတွင် အလွန်နည်းပါးလျှက်ရှိသော အစိုးရ၏ အခွန်ဘဏ္ဍာနှင့် အိမ်ထောင်စု စုဆောင်းငွေများအပါအဝင် ပြည်တွင်းအရင်းအမြစ်များမှ လာရန်လိုအပ်ပါသည်။

OECD ၏ မြန်မာနိုင်ငံ ရှုထောင့်စုံလေ့လာဆန်းစစ်ချက်တွင် ပြင်ပဖွံ့ဖြိုးတိုးတက်ရေး ဘဏ္ဍာငွေ စီမံခန့်ခွဲမှု၊ အခွန်ပုံစံနှင့် ဘဏ္ဍာရေးဆိုင်ရာ စနစ်တို့အပါအဝင် နယ်ပယ်များစွာတွင် အစိုးရမှ ဦးဆောင်သော ပြုပြင်ပြောင်းလဲမှုများကို တင်ပြထားပြီး ဆက်လက်တိုးတက်ရေးအတွက် လိုအပ်ချက်များကို အလေးထားဖေါ်ပြထားပါသည်။ "ပြုပြင်ပြောင်းလဲရေး လုပ်ငန်း၏ တိုးတက်မှုအလားအလာကို အကျိုးပြုခြင်းသည် လူထု၏ ဝင်ငွေများနှင့် လူနေမှုအဆင့်အတန်းများ သေချာပေါက် မြင့်တက်လာစေရန် ပဓာနကျပါသည်" ဟု OECD လက်ထောက် အတွင်းရေးမှူးချုပ် Tamaki ကပြောဆိုခဲ့ပါသည်။

*OECD သည် မြန်မာနိုင်ငံ ရှုထောင့်စုံလေ့လာဆန်းစစ်ချက်တွင် UNESCAP နှင့် တွဲဖက်၍ မြန်မာနိုင်ငံ အစိုးရနှင့်အတူ အလုပ်လုပ်ခဲ့ပါသည်။ OECD မြန်မာနိုင်ငံ ရှုထောင့်စုံလေ့လာဆန်းစစ်ချက်သည် OECD ၏ ကျွမ်းကျင်မှုကို လက်တွေ့ကျသော စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးတွင် အံ့ဝင်ခွင်ကျ စီမံနိုင်ရန်အတွက် ကိရိယာအသစ်တစ်ခု ဖြစ်ပါသည်။ ဤလေ့လာဆန်းစစ်ချက်များသည် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းများအား အကျိုးပြုနိုင်ရန်နှင့် နိုင်ငံသားတို့၏ ဘဝများ တိုးတက်စေရန် သေချာစေမည့် စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဦးတည်ချက်များကို တည်ငြိမ်ကိုက်ညီစေသော မူဝါဒများနှင့် နည်းဗျူဟာများရေးဆွဲရန်အတွက် မူဝါဒရေးဆွဲသူများကို အထောက်အပံ့ပေးရန် ရည်ရွယ်ပါသည်။*

နိုင်ငံ၏ ရှုထောင့်စုံလေ့လာဆန်းစစ်ချက်နှင့်ပက်သတ်သော ထပ်ဆောင်း သတင်းအချက်အလက်များကို http://www.oecd.org/dev/mdcr.htm တွင် ရရှိနိုင်ပါသည်။
တွေ့ဆုံမေးမြန်းခန်းများအတွက် တောင်းဆိုမှုများနှင့် အစီရင်ခံစာ၏ ကွန်ပျူတာဖိုင်တို့ကို OECD ဖွံ့ဖြိုးတိုးတက်ရေးဌာန (dev.media@oecd; org; ဖုန်း: : +33 145 24 82 96) သို့ လိပ်မူ၍ ပေးပို့ရပါမည်။